India for Myanmar

# သီရိလင်္ကာ ၌ မတ်လ (၃၀) တွင် ကျင်းပမည့် (၅) ကြိမ်မြောက် BIMSTEC ထိပ်သီး ညီလာခံ သည် မြန်မာပြည်ဒီမိုကရေစီလှုပ်ရှားမှု၏ တောင်းဆိုချက်များအား လေးစားလိုက်နာရမည်။

၂၂.၂.၂၀၂၂

တောင်အာရှနှင့် အရှေ့တောင်အာရှရှိ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း (၇) နိုင်ငံပါဝင်ဖွဲ့ စည်းထားသည့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (BIMSTEC) အဖွဲ့ ၏ ၅ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို မတ်လ ၃၀ရက်နေ့တွင် သီရိလင်္ကာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

(၂) နှစ်တကြိမ်ကျင်းပသည့် အဆိုပါ ထိပ်သီးညီလာခံ သည် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် ရေရှည်တည်တံ့သည့် ဒေသကြီးဖြစ်လာရန် အဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များ ဆွေးနွေးကြသည့် အမြင့်ဆုံးသော မူဝါဒ ချမှတ်သည့် ညီလာခံကြီးဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် အဆိုပါ ထိပ်သီးညီလာခံ၏ နီပေါနိုင်ငံတွင် ကျင်းပသည့် လေးကြိမ်မြောက် အခမ်းအနားသို့ မြန်မာပြည်၏ သမ္မတ ဦးဝင်းမြင့် တက်ရောက်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာစစ်တပ်သည် အရပ်သားအစိုးရထံမှ အာဏာသိမ်းရန် ကြိုးပမ်းခဲ့ပါသည်။ အဆိုပါ ကြိုးပမ်းမှုအား လက်သင့်မခံသည့် ဖက်ဒရယ် ဒီမိုကရေစီ စနစ်အား လေးစားတန်ဖိုးထားသည့် လူမျိုး၊ ဘာသာ အသီးသီးက မြန်မာပြည်သူများသည် အသက်ကိုပင် ပဓာန မထားဘဲ ဒီမိုကရေစီအား ကျရာကဏ္ဍကနေ ကာကွယ်၍ စစ်ခေါင်းဆောင်များ၏ အာဏာရှင် စရိုက်အား ဆန့်ကျင် တော်လှန်လျက်ရှိသည်မှာ ယနေ့ဆိုရင် ရက်ပေါင်း (၃၈၇) ရက်ပြည့်မြောက်ပြီဖြစ်သည်။

ယနေ့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် မြန်မာပြည်သူများသည် "နှစ်" ခြောက်လုံး လှုပ်ရှားမှုကြီးအား ဖော်ဆောင်လျှက်ရှိသည်။ ယနေ့ လှုပ်ရှားမှုကြီးတွင် India For Myanmar အနေဖြင့် BIMSTEC အဖွဲ့အား အောက်ပါ တောင်းဆိုချက်များ ကို ပေးပို့တောင်းဆို လိုက်ရပါသည်။

၁။ ၂၀၂၁ ခုနှစ် ဇွန်လ တွင် ကျရောက်ခဲ့သည့် BIMSTEC အဖွဲ့ (၂၄) နှစ်မြောက် တည်ထောင်ရေးနေ့သို့ မြန်မာပြည်၏ အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်သည် မြန်မာပြည်ကိုယ်စားပြုအနေဖြင့် စာပေးပို့ခဲ့ပြီး၊ အဆိုပါ သတင်းစကားအား BIMSTEC အဖွဲ့က ထုတ်ပြန်ခဲ့ရာမှာ အာဏာသိမ်း စစ်ခေါင်းဆောင်အား မြန်မာနိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဟု ရည်ညွှန်းဖော်ပြခဲ့သည်။

၂။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ တွင် အိန္ဒိယနိုင်ငံက လက်ခံကျင်းပသည့် BIMSTEC နိုင်ငံများအကြား စစ်ရေးလေ့ကျင့်မှုများ တွင်လည်း မြန်မာစစ်တပ်အား ဖိတ်ခေါ်ခဲ့ပြီး စစ်တပ် ကိုယ်စားလှယ်များသည် BIMSTEC အစည်းအဝေးပေါင်းများစွာအား နိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့ကြကြောင်း မှတ်တမ်းမှတ်ရာများအရ သိရှိခဲ့ရသည်။

၃။ BIMSTEC အဖွဲ့ဝင် နိုင်ငံအများစုသည် ဒီမိုကရေစီ နိုင်ငံများဖြစ်ပြီး အဓမ္မ အာဏာရယူ၊ လက်နက်အားကိုးအနိုင်အကျင့်ပြုသည့် မြန်မာစစ်တပ်အား အစိုးရအဖြစ် အသိအမှတ်ပြု မှုဖြစ်စေသည့် အဆိုပါ လုပ်ရပ်များသည် BIMSTEC ၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့သည်။ အဆိုပါ နိုင်ငံရေး ဂုဏ်သိက္ခာမရှိသည့် ကျောရိုးမဲ့လုပ်ရပ်များအား နိုင်ငံတကာ အဖွဲ့အစည်းအသီးသီး၊ တက်ကြွလှုပ်ရှားသူများနှင့် မြန်မာပြည်သူများက တပြေးညီ ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

၄။ ၂၀၂၂ ခုနှစ် တွင် ငါးကြိမ်မြောက်ကျင်းပမည့် BIMSTEC ထိပ်သီးညီလာခံသို့ အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်အား မြန်မာပြည်ကိုယ်စားပြု အစိုးရ ကိုယ်စားလှယ်အနေဖြင့် ဖိတ်ကြားတက်ရောက်စေမည်ဆိုပါက BIMSTEC အဖွဲ့ဝင်နိုင်ငံ အစိုးရများသည် ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အဖွဲ့အစည်းအသီးသီး၊ တက်ကြွလှုပ်ရှားသူများ၏ ပြင်းထန်သည့် ဆန့်ကျင်မှုများအား ထပ်မံကြုံတွေ့ရမည်ဖြစ်သည်။ အဆိုပါလုပ်ရပ်သည် မြန်မာစစ်တပ်၏ ဆိုးဝါးရက်စက်မှုများအား နေ့စဉ် ခါးစည်း ခံနေရသည့် မြန်မာပြည်သူများအပေါ် ထပ်တိုး နာကျင်စေသည့် ဒဏ်ရာအပေါ် ဆားထပ်သိပ်သည့် လုပ်ရပ်ဖြစ်လာမည်ဖြစ်သည်။

၅။ BIMSTEC အဖွဲ့အနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်များကိုကျူးလွန်သည့် ရာဇဝတ်မှုများစွာဖြင့် စွပ်စွဲခံထားရသည့် မြန်မာစစ်တပ်က ဖွဲ့စည်းထားသော စစ်ကောင်စီ အဖွဲ့ဝင်များနှင့် ဆက်စပ်ပက်သက်မှု မှန်သမျှကို ရပ်တန်းကရပ်ရမည်။

၆။ မြန်မာပြည်သူများ၏ ဒီမိုကရေစီ လှုပ်ရှားမှု ၊ နွေဦး တော်လှန်ရေး၏ တောင်းဆိုချက်များအား လေးစားအသိအမှတ်ပြု လိုက်နာရမည်။

၇။ ဒီမိုကရေစီ၊ လူ့အခွင့်အရေး အလေ့အကျင့်များ မထွန်းကားပါက ငြိမ်းချမ်း၊ သာယာဝပြောပြီး ရေရှည်တည်တံ့သည့် ဘင်္ဂလားပင်လယ်အော်ဒေသ မပေါ်ပေါက်နိုင်။ လူသားချင်းစာနာမှု၊ လူသားမျိုးနွယ်တို့၏ ဂုဏ်သိက္ခာအား ရှေးရှုပြီး မြန်မာပြည်အရေးအား ဆုံးဖြတ်ဆွေးနွေးပေးကြရန် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များအား တိုက်တွန်းလိုက်ရပါသည်။

India For Myanmar

India For Myanmar သည် တောင်အာရှဒေသအတွင်း ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအဖွဲ့အစည်းများ ပူးပေါင်းပါဝင်နေသည့် အိန္ဒိယအခြေစိုက် ဒီမိုကရေစီ လူ့အခွင့်အရေးဆိုင်ရာ သွေးစည်းညီညွတ်မှုနှိုးဆော်ရေး လူထု လှုပ်ရှားမှုဖြစ်သည်။

ဆက်သွယ်ရန် - india4myanmar@protonmail.com